မင်းဗလူး

၈/၃/၂၀၁၁

# သင့်တန်ဖိုးကိုတိုးမြှင့်ရန် ဆက်စပ်မှုရှိပါ

တစ်ခါတစ်ရံ စကားပြောနေရင်း တယ်လီဖုန်းလိုင်း ပြတ်တောက်သွားသည့် အတွေ့အကြုံ လူတိုင်းတွင်ရှိကြမည်ထင်သည်။ တစ်မိနစ်ကောင်းကောင်းမွန်မွန် ပြောဆိုနေလိုက် နောက်တစ်မိနစ်တွင် ပြတ်သွားလိုက် ဖြစ်လေ့ရှိ၏။ "ဟဲလို ... ကြားလား" ဟူ၍ မကြာခဏ နှိုးဆော်ပြီး ဆက်ပြောရသည်။ တယ်လီဖုန်းလိုင်းပြတ်သွားစဉ် သင်ဘယ်လိုခံစားရပါသလဲ၊ အနှောင့်အယှက်ဖြစ်သွားသလား၊ မချင့်မရဲ ဖြစ်သလား၊ စိတ်ဆိုးသလား။

တယ်လီဖုန်းမှတဆင့်မဟုတ်ဘဲ လူအချင်းချင်း ဆက်သွယ်ပြောဆိုနေရာမှ ဆက်စပ်မှု ပြတ်တောက်သွားခဲ့လျှင်လည်း မည်ကဲ့သို့ဖြစ်မည်ဟု သင်စဉ်းစားခဲ့မိပါရဲ့လား။ ဆက်စပ်မှုပြတ်တောက်ခြင်းသည် သင်၏အချိန်ကိုဖြုန်းတီးပစ်ရာရောက်သည်။ သင်ပြီးမြောက်အောင် ကြိုးစားဆောင်ရွက်နေသော လုပ်ငန်း၏အလျင်သည် ဖြတ်တောက်ခြင်းခံရသည်။ သင်၏ထုတ်လုပ်နိုင်စွမ်းကို ကျဆင်းစေသည်။ ဆိုလိုသောအချက်မှာ လူအချင်းချင်း ဆက်သွယ်ပြောဆိုမှု (communication) နှင့်ပတ်သက်လျှင် ဆက်စပ်မှုရှိခြင်း (connection) ကသာ အဓိကကျသည်ဟူသော အချက်ကို သိစေလို၍ဖြစ်ပါသည်။

တယ်လီဖုန်းလိုင်းတစ်ခုတွင် ဆက်စပ်မှုပြတ်တောက်သွားခြင်းကို သင်က ကောင်းစွာသိရှိပါသည်။ လူတို့နှင့်ဆက်သွယ်ပြောဆိုရာတွင် ဆက်စပ်မှုပြတ်တောက်သွားခြင်းကိုမူ မည်ကဲ့သို့ သိနိုင်ပါမည်နည်း။ ဆက်စပ်မှုရှိခြင်းကိုလည်း မည်ကဲ့သို့သိနိုင်ပါမည်နည်း။ ဆက်စပ်မှု စတင်ဆိုးဝါးလာခြင်းကို သင်သိနိုင်ပါသလား။ ဆက်စပ်မှု လုံးဝ ပြတ်တောက်သွားသည့်အချိန်ကိုလည်း သင် ခွဲခြားနိုင်ပါသလား။

များသောအားဖြင့် လူတို့သည် တယ်လီဖုန်းလိုင်းကောင်းနေသည်ကိုကား အလွယ်တကူ သိကြပါသည်။ သို့ရာတွင် သူတို့သည် နေ့စဉ်နှင့်အမျှ အခြားလူတို့နှင့်ဆက်စပ်နေရသည်ကိုကား မစဉ်းစားမိကြပါ။ စာရေးသူက အကြံပေးလိုသည်မှာလည်း ဤကိစ္စကို အထူးအလေးထားရန်အတွက်ပဲ ဖြစ်ပါသည်။ လူတစ်ဦးချင်းကိုသော်လည်းကောင်း၊ အဖွဲ့တစ်ခုကိုသော်လည်းကောင်း၊ ပရိသတ်များကိုသော်လည်းကောင်း ထိတွေ့ဆက်သွယ်ရာတွင် အောက်ပါအတိုင်း သင်ကိုယ်တိုင်ခံစားနိုင်မှသာ ထိုပုဂ္ဂိုလ်တို့နှင့်သင်သည် ဆက်စပ်မိသည်ဟု ဆိုနိုင်ပါသည် –

**အပိုဆောင်းအားထုတ်မှု။** လူတို့သည် သူ့ဘာသာသူအပိုဆောင်း၍ ဆက်လုပ်သွားကြသည်။

**မတောင်းဘဲကမ်းလင့်သောကျေးဇူးတရား။** လူတို့သည် အပြုသဘောထားအမြင်များကိုပြောကြသည်။

**စောင့်ကြပ်မထားသောပွင့်လင်းမှု။** လူတို့သည် သူတို့၏ယုံကြည်စိတ်ချရမှုကို ထုတ်ဖော်ပြသကြသည်။

**ဆက်သွယ်ပြောဆိုမှု တိုးပွားလာခြင်း။** လူတို့သည် သူတို့ကိုယ်သူတို့ ထုတ်ဖော်ပြောကြားခြင်းကို ပို၍လွယ်လွယ်ကူကူလုပ်လာကြသည်။

**ပျော်ရွှင်စရာအတွေ့အကြုံများ။** လူတို့သည် မိမိလုပ်နေရသည့်အလုပ်ကို ပျော်ရွှင်စွာလုပ်ကြသည်။

**သံယောဇဉ်ဖြစ်မှုကို ခံစားရခြင်း။** လူတို့သည် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ဖြစ်ခြင်းကို စိတ်ခံစားမှုသဘောအရ ဖော်ပြကြသည်။

**အပြုသဘောစွမ်းအင် ထွက်ပေါ်ခြင်း။** လူတို့၏စိတ်ခံစားမှုဆိုင်ရာ "ဘက်ထရီ" များသည် သူတို့ အတူတကွရှိနေကြခြင်းဖြင့် စွမ်းအင်ထွက်ပေါ်လာစေရန် အလိုအလျောက် အားသွင်းပေးနိုင်ကြသည်။

**ပေါင်းစည်းစွမ်းအင် (Synergy) ဖြစ်ပေါ်လာခြင်း။** လူတို့၏ပေးဝေခြင်းစုစုပေါင်းထက် ပိုမိုကြီးမားသော ထိရောက်မှုကို ဖြစ်စေပါသည်။

**အကြွင်းမဲ့မေတ္တာတရား။** လူတို့သည် တစ်ဦးကိုတစ်ဦး သံသယစိတ်မထားရှိဘဲ လက်ခံနိုင်ကြသည်။

လူတို့နှင့်ထိတွေ့သည့်အခါတိုင်း မည်သည့်အချိန်တွင်မဆို အထက်ပါအချက်ပြမှုများကို အထင်အရှားတွေ့နေပြီဆိုလျှင် သင်သည် ထိုလူတို့နှင့် ဆက်စပ်မိပြီဖြစ်ပါသည်။ ထိုသို့ ဆက်စပ်မှုရှိလာစေရန် မည်သို့ပြုလုပ်ရမည်နည်း၊ ဆက်စပ်မှုအတိုင်းအတာကို မည်ကဲ့သို့ တိုင်းတာရနိုင်မည်နည်း၊ ဤအချက်များကိုလည်း သင်ယူလေ့လာထားရန် လိုအပ်ပါသည်။

ဆက်စပ်မှုရှိစေရန် သင်မည်ကဲ့သို့ ပြုလုပ်ခဲ့သလဲ၊ သင့်ဘဝအတွက် အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက်နှင့် တစ်ဦးချင်းထိတွေ့မှုပြုသည့်အခါ ဤအချက်ပြမှုများကို ရခဲ့ပါသလား။ အစည်းအဝေးတစ်ခုကို ဦးဆောင်တက်ရောက်သည့်အခါဖြစ်စေ၊ အစုအဝေးဖြင့် လှုပ်ရှားမှုတစ်ခုသို့ တက်ရောက်သောအခါဖြစ်စေ အထက်ပါ ဆက်စပ်မှုအင်္ဂါရပ်များသည် အထင်အရှားပေါ်လွင်ခဲ့သလား။ လူထုပရိသတ်ကို စကားပြောသည့်အခါ ဆက်သွယ်ပြောဆိုရသည့်အပိုင်း၌ ထိရောက်မှုရှိစေသည်သာမက သင့်အတွက်ရော၊ ပရိသတ်အတွက်ပါ အလွန်ကျေနပ်ပျော်ရွှင်ဖွယ်အတွေ့အကြုံဖြစ်စေခဲ့သလား။ ဤမေးခွန်းများကို သင်က "ဟုတ်ပါတယ်" ဟု ပြည့်ပြည့်ဝဝကြီး မဖြေနိုင်သေးသ၍ သင်သည် လူတို့နှင့် ဆက်စပ်မှု တိုးတက်လာစေရန် ထပ်လုပ်ရဦးမည်ဟု မှတ်ယူသင့်ပါသည်။ လူတိုင်းကစကားပြောကြပါသည်၊ ဆက်သွယ်ပြောဆိုကြပါသည်၊ သို့သော် လူအနည်းငယ်ကသာ ဆက်စပ်မှုရရှိစေရန် တတ်နိုင်ကြပါသည်။ ဆက်စပ်မှုရယူလိုက်နိုင်သော လူတို့၏အလုပ်အကိုင်နှင့်ဘဝသည် အဆင့်သစ်တစ်ခုဆီသို့ တိုးတက်လာစမြဲဖြစ်ပါသည်။

အကယ်၍ သင်သည် ဆက်စပ်မှုရှိစေရန် သင်ယူလိုပြီး သင်ဘာပဲလုပ်လုပ် ပိုမိုထိရောက်မှု ရှိစေလိုသည်ဟုဆိုလျှင် ကောင်းသတင်းများရှိပါသည်။ ယနေ့သင်နှင့်အခြားလူတို့၏ဆက်စပ်မှုသည် ကောင်းသည်ဟု မဆိုနိုင်သေးလျှင် မနက်ဖြန်တွင် ပိုမိုကောင်းမွန်လာစေရန် သင်ယူနိုင်ပါသည်။ ဤသို့ သင်ယူနိုင်ရန်အတွက်လည်း စာရေးသူက သင့်ကို အကြံပေးနေခြင်းဖြစ်ပါသည်။ ခေါင်းဆောင်မှုစာရေးဆရာ John C. Maxwell က "လူတို့နှင့်ဘယ်လို ဆက်စပ်မှုရှိစေရန် ပြုလုပ်ရမည်ကို သူကိုယ်တိုင်ကောင်းစွာ သင်ယူထားပြီး ထိုအချက်သည် သူ၏အကြီးမားဆုံးအားသာချက်တစ်ခုလည်း ဖြစ်ကြောင်း၊ သူ၏ခေါင်းဆောင်မှု အခြေခံအုတ်မြစ်လည်းဖြစ်ကြောင်း၊ နည်းပညာအသစ်များကို အသုံးပြုပြီး လူတို့နှင့် မည်ကဲ့သို့ ဆက်စပ်မှုရှိစေရန် ပြုလုပ်ရမည့်ကိစ္စအတွက်ပါ သင်ယူထားကြောင်း၊ သူ၏ဘလော့ဂ် JohnMaxwellon-leadership.com တွင်လည်း တင်ထားကြောင်း၊ ဤဘာသာရပ်အတွက် လူတို့နှင့် ဆက်စပ်နိုင်ရန်နှင့် သူတို့ထံမှ သွင်းအားစုများနှင့် ဖြည့်ဆည်းမှုများ ရယူရန်အတွက်ဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း ရက်သတ္တ

တစ်ဆယ့်တစ်ပတ်အတွင်းမှာပင် အမြင့်ပေါင်းတစ်သိန်းကျော်လက်ခံရရှိခဲ့ကြောင်း၊ လူအများ၏ ထင်မြင်ယူဆချက်များအပေါ် အခြေခံထားသော အထောက်အထားများမှ မှတ်တမ်းတိုများ၊ အဖြစ်အပျက်ဇာတ်လမ်းများ၊ ရီစရာဖြစ်ရပ်များကို မူရင်းအတိုင်းသော်လည်းကောင်း၊ ပြုပြင်ပြောင်းလဲ၍သော်လည်းကောင်း စာအုပ်များရေးသားခဲ့ကြောင်း၊ Twitter ကိုသော်လည်းကောင်း၊ အခြားနည်းပညာအသစ်များကိုလည်းကောင်း အသုံးပြု၍ ဤသို့ပြုလုပ်ခြင်းသည် စာဖတ်သူများထံသို့ သတင်းအချက်အလက်များကို တန်ဖိုးမြှင့်တင်ပြီး ပေးပို့လိုသောကြောင့်ဖြစ်ကြောင်း၊ သူကိုယ်တိုင် မတွေ့ဆုံနိုင်သောလူများထံ ထိတွေ့မှုရယူရန် ၁၉၇၉ ခုနှစ်မှစ၍ စာအုပ်များ စတင်ရေးသားခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ ဘလော့ဂ်နှင့် လူထုမီဒီယာများကို အသုံးပြုပြီး လူထုနှင့်ဆက်သွယ်မှု အဝန်းအဝိုင်း တိုးချဲ့ရန် ကြိုးစားအားထုတ်ခဲ့ကြောင်း၊ သူရေးခဲ့သော စာအုပ်များကို လုံးဝမဖတ်ခဲ့ရသော လူများအတွက်ပါ တန်ဖိုးမြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ဤနည်းဖြင့် သူသည် လူထုနှင့်ဆက်စပ်မှုရရှိအောင် ကြိုးစားအားထုတ်လျှက်ရှိပါကြောင်း” ဟု ရေးသားဖော်ပြထားပါသည်။

ခေါင်းဆောင်မှုစာရေးဆရာ Maxwell ၏ ဆက်စပ်မှုရရှိရေး ကြိုးပမ်းချက်များသည် သင့်အားအခြားလူများနှင့် မည်ကဲ့သို့ ဆက်စပ်မှုပြုလုပ်နိုင်သည်ကို သင်ယူရန် အကူအညီပေးနိုင်သည်ဟုယုံကြည်ရပါသည်။ သို့ရာတွင် ဤသည်မှာ သူ၏ပဏာမ ခြေဆင်းမျှသာဖြစ်ပါသည်။ အမှန်စင်စစ်လူတို့နှင့် မည်ကဲ့သို့ ဆက်စပ်နိုင်မည်လဲဆိုသည့်အကြောင်းကို အသေအချာနားလည်နိုင်ရန် အခြေခံသဘောတရားများနှင့် လက်တွေ့ကျင့်စဉ်များကို ဆက်လက်လေ့လာကျင့်သုံးသွားရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အသက်အရွယ်၊အတွေ့အကြုံနှင့် ပင်ကိုယ်သဘာဝအရည်အသွေးများကို အသာထားပြီး သင်၏တန်ဖိုးကို နောက်ထပ်တိုးမြှင့်လိုပါက အခြားလူတို့နှင့်ဆက်သွယ်ပြောဆိုရုံမျှဖြင့်မပြီး၊ ဆက်စပ်မှုရှိစေရန်ပြုလုပ်ပါဟု အကြံပေးလိုက်ပါသည်။

Reference ;  John C. Maxwell,  “Everyone communicates few connect”